ကန့်သတ်

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(စတုတ္ထနေ့) (၂၀.၉.၂၀၁၈)ရက်နေ့တွင် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ စိစစ်သုံးသပ်တင်ပြခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇-၉-၂၀၁၈) (ပထမနေ့) တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း ပေးပို့သည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီ မှ စိစစ်သုံးသပ်တင်ပြ ဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။** အားလုံးပဲမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်းဥပဒေကြမ်းအပေါ် ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

## နိဒါန်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့) (၁၇.၉.၂၀၁၈) ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းအပေါ် ပြည်နယ်လွှတ်တော်က နည်းဥပဒေ ၁၃၆(ခ)(၃) အရ ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၁၈.၉.၂၀၁၈) ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီဝင်များမှ စိစစ်သုံးသပ်

ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြခြင်း ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်**

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၁၇.၉.၂၀၁၈)ရက်နေ့ (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါသည်။

ဥပဒေကြမ်းတွင် အခန်းပေါင်း(၃)ခန်း၊ ပုဒ်မပေါင်း(၈)ခု ပါဝင်ပြီး ဤကော်မတီ၏ စိစစ်တွေ့ရှိချက်အရ ကဏ္ဍကြီး (၃)ခု၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်စျေးနှုန်းအရ ၇.၅ ရာခိုင်နှုန်း တိုးတက်ရန် လျာထားပါသည်။ လယ်ယာကဏ္ဍ ၄.၉ ရာခိုင်နှုန်း၊ သားငါးကဏ္ဍ ၅.၉ ရာခိုင်နှုန်း၊ သတ္တုနှင့် တွင်းထွက် ပစ္စည်းကဏ္ဍ ၂.၇ ရာခိုင် နှုန်း၊ စက်မှုလက်မှု ကဏ္ဍ ၆.၇ ရာခိုင်နှုန်း၊ လျှပ်စစ်ဓါတ်အား ကဏ္ဍ ၃.၁ ရာခိုင်နှုန်း၊ ဆောက်လုပ်မှုကဏ္ဍ ၁၂.၃ ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍ ၇.၈ ရာခိုင်နှုန်း၊ ဆက်သွယ်ရေး ကဏ္ဍ ၁၅.၇ ရာခိုင်နှုန်း၊ ငွေရေးကြေးရေးကဏ္ဍ ၁၆.၇ ရာခိုင်နှုန်း၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး ကဏ္ဍ ၆.၀ ရာခိုင်နှုန်း၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ ၁၁.၄ ရာခိုင်နှုန်း၊ ကုန်သွယ်မှု ကဏ္ဍ ၇.၈ ရာခိုင်နှုန်း တိုးတက်ရန်နှင့် သစ်တောကဏ္ဍ ၇.၇ ရာခိုင်နှုန်း လျော့နည်းရန် ရည်မှန်းထားပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသအလိုက် ပုံမှန်စျေးနှုန်းများအရ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၉.၅ ရာခိုင်နှုန်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၉.၉ ရာခိုင်နှုန်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ဒေသ ၂.၄ ရာခိုင်နှုန်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၁၀.၀ ရာခိုင်နှုန်း၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၄.၈ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထား ပါသည်။

စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို နှစ်အလိုက်စျေးနှုန်းအရ ၃၃.၃ ရာခိုင်နှုန်းမှ ၃၂.၆ ရာခိုင်နှုန်း၊ စက်မှု ကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၄.၃ ရာခိုင်နှုန်း မှ ၂၄.၇ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၂.၄ ရာခိုင်နှုန်းမှ ၄၂.၇ ရာခိုင်နှုန်း အသီးသီး ဖြစ်ပေါ်ရန် ရည်မှန်ထားပါသည်။

စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ပုံမှန်စျေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၅.၁ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၈.၂ ရာခိုင်နှုန်း၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၈.၉ ရာခိုင်နှုန်း အသီးသီး ဖြစ်ပေါ်ရန် ရည်မှန်းထားပါ သည်။

လူတစ်ဦးချင်းစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP)မှာ နှစ်အလိုက်စျေးနှုန်းများအရ ကျပ် ၉၉၁,၈၈၅ ဖြစ်ပေါ်ရန် ရည်မှန်းထားပါသည်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် နိုင်ငံတော်ပိုင်ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁၆၅,၇၇၄.၈၁၃ သန်း(ကျပ် ဘီလီယံ ၁၆၅.၇၇၄)ရင်းနှီးမြှုပ်နှံရန် ရည်မှန်းထားပါသည်။

**တင်ပြချက်**

ဥပဒေကြမ်းအပေါ် အကြံပြုချက်မှာ ပြည်နယ်တွင်း စားနပ်ရိက္ခာဖူလုံပိုလျှံစေရန်၊ စိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်းများဘက်ညီစွာဖွံ့ဖြိုးတိုးတက်လာစေရန်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်သည့် အခြေခံအဆောက်အအုံလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်၊ အလုပ်အကိုင် အခွင့်အလမ်းမြင့်မားစေရေးအတွက် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ပံ့ပိုးကူညီရန်၊ စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့် ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်စေရန်တို့ကို အကောင်အထည်ဖော်နိုင်ရေးအတွက် စီမံကိန်းရေးဆွဲထားသည့် ဥပဒေကြမ်းဖြစ်သည်ကို တွေ့ရှိရပါသဖြင့် ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှ ပြင်ဆင်ဖြည့်စွက်ရန် မရှိကြောင်း အစီရင်ခံတင်ပြ အပ်ပါသည်။

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အတည်ပြုပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက လွှတ်တော်သို့ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။** ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ဒေသန္တရ စီမံကိန်းဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၉၁(ခ)အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။